(အကြောင်းထူးမရှိဘဲ စားချင်လို့)။ ပဋိဂ္ဂဏှာတိ၊ခံယူအံ့။ (အကပ်ခံအံ့။) အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။ အဇ္ဈောဟာရေ အဇ္ဈောဟာရေ၊မျိုတိုင်းမျိုတိုင်း၌။ အာပတ္တိဒုက္ကဋဿ၊၏။ပ။ပစ္စယေ၊(ယာမကာလိကအတွက် ဆာလောင်မွတ်သိပ်ခြင်း ငတ်ခြင်း, သတ္တာဟနှင့် ယာဝဇီဝိကအတွက် အနာရောဂါ)အကြောင်းသည်။ သတိ၊ရှိလျှင်။ပရိဘုဉ္ဇတိ၊သုံးဆောင် စားသောက်အံ့။ အနာပတ္တိ၊အာပတ် မသင့်။ ["အာပတ်"ဟူရာဝယ် ရှင်သာမဏေ၌ ဒဏ်ထိုက်၏၊ ဉပုသ်သည်၌ သီလညှိုး၏။]

**နစ္စ ဂီတ။ပ။ ဝိသူက ဒဿန။** ။ရဟန်းသာမဏေ ဥပုသ်သည်တို့မှာ ကိုယ်တိုင် မကကောင်း, သီချင်းမဆိုကောင်း, မတီးမှုတ်ကောင်းသည့်ပြင် (ကလေးစသော) သူတပါးကိုလည်း အက, အဆို, အတီး အမှုတ် မခိုင်းကောင်းကြောင်းကို "နစ္စ, ဂီတ, ဝါဒိတ" ဟူသော စကား ၃-ခွန်းဖြင့် ပြ၏၊ သူတို့ဘာသာ ဖြစ်စေ အဖိုးအခပေး၍ ဖြစ်စေ က-ဆို တီးမှုတ်ရာအရပ်သို့ သွား၍ မကြည့်ကောင်းကြောင်း နားမထောင်ကောင်းကြောင်းကို ကား "ဝိသူကဒဿန"ဟူသောစကားဖြင့် ပြသည်။

**ဋီကာ။** ။အတ္တနာ နစ္စန နစ္စာပနာဒိဝသေန နစ္စာ စ ဂီတာ စ ဝါဒိတ္တာ စ အန္တမသော မယူရနစ္စာဒိဝသေနာပိ ပဝတ္တာနံ နစ္စာဒီနံ ဝိသူကဘူတာ ("သဗ္ဗပါပဿ အကရဏံ" ဟူသော ဘုရား အဆုံးအမတော်နှင့် မလျော်သဖြင့် ဆန့်ကျင်ဘက် ဖြစ်သော) ဒဿနာ စ ဝေရမဏီတိ